KHRG ကရင်လူ့အခွင့်အရေးအဖွဲ့

ကျေးလက်နေပြည်သူများ၏ အသံများကိုမှတ်တမ်းပြုစုခြင်း

ဓါတ်ပုံသတင်း

ဩဂုတ်လ ၄ရက်, ၂၀၁၅ / KHRG စာအမှတ်-15-4-PS1

# ဓါတ်ပုံသတင်း|ဝင်းရေးမြို့နယ်ရှိ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း လုပ်ဆောင်မှုများ (၂၀၁၄ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၅ခုနှစ် ဇန်နဝါရီလအထိ)

## ဓါတ်ပုံသတင်း |ဝင်းရေးမြို့နယ်၊ ဒူးပလာယာခရိုင် (၂၀၁၄ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၅ခုနှစ် ဇန်နဝါရီလအထိ)

*အောက်ပါဓါတ်ပုံများသည် လူ့အခွင့်အရေးအခြေအနေများကို စောင့်ကြည့်လေ့လာရန် KHRG မှလေ့ကျင့်သင်ကြားပေး ထားသော ဒူးပလာယာခရိုင်ရှိ ဒေသခံအဖွဲ့ဝင်တစ်ဦးမှ ရိုက်ယူပြီး တင်ပြခဲ့သောပုံများ ဖြစ်ပါသည်။ ၎င်းတို့အား အောက်တွင်ဖော်ပြထားပြီး လုံခြုံရေးဆိုင်ရာအတွက် အရေးကြီးသည့်နေရာတွင် စီစစ်ဖြတ်တောက် ထားပါ သည်။[1] အောက်ဖော်ပြပါ ဓါတ်ပုံ ၁၂ ပုံတို့အား အခြားသော ဓါတ်ပုံ ၃၇၀ ပုံအပါအဝင် ဒူးပလာယာခရိုင်မှ သတင်းများနှင့် အတူ ရရှိထားပါသည်။[2]*

[1] လူ့အခွင့်အရေးဖြစ်ပျက်ချိုးဖောက်မှု သတင်းအချက်အလက် တစ်ခုချင်းစီအား (လူ့အခွင့်အရေး) စံချိန်စံညွှန်းများနှင့်အညီ ရွာသူရွာသားများအား ဖြစ်ရပ်များဆိုင်ရာ အင်တာဗျူးခြင်း နှင့် ၎င်းတို့ရင်းနှီးသော နေရာဒေသများတွင် အထွေထွေနောက်ဆုံးရ သတင်းအခြေအနေများအား ရေးသားတင်ပြနိုင်ရန်အတွက် မြန်မာပြည် အရှေ့ပိုင်းတွင်ရှိသော ဒေသခံအဖွဲ့ဝင်များအား ကရင်လူ့အခွင့်အရေးအဖွဲ့ KHRG မှလေ့ကျင့်သင် ကြားပေးပါသည်။

[2] ဒေသခံ လူ့အခွင့်အရေးအခြေအနေများကို စောင့်ကြည့်လေ့လာရန် KHRG မှ လေ့ကျင့်သင်ကြားပေးထားသော ဒူးပလာယာခရိုင်ရှိ ဒေသခံ အဖွဲ့ဝင် ထံမှ ရရှိသော သတင်းအချက်အလက်များအပေါ် အခြေခံကာ ဓါတ်ပုံမှတ်တမ်းအား KHRG ရုံးဝန်ထမ်းများမှ စုဆောင်းတင်ပြ ထားပါသည်။ KHRG ၏ သတင်းမှတ်တမ်းပြုစုခြင်း နည်းလမ်းစနစ်အား ပွင့်လင်းမြင်သာမှု တိုးပွားလာရန်၊ မြန်မာပြည် အရှေ့ပိုင်းရှိ ရွာသူရွာသားများ၏ အမြင် ရှုထောင့်နှင့် အတွေ့အကြုံများအား ပိုမို၍ တိုက်ရိုက် ထိတွေ့ ပြောဆိုနိုင်ရန်အတွက် ကွင်းဆင်းလေ့လာသူ များထံမှာ ရရှိလာသည့် သတင်းအချက်အလက်များအားလုံးကို KHRG ၏ လုပ်ငန်းစဉ်များအတိုင်း ဘာသာပြန်လုပ်ဆောင်ပြီးနောက် ပြစ်မှု ကျူးလွန်ခြင်း ခံရသူများ၏ လုံခြုံရေးပိုင်းဆိုင်ရာအား စီစစ်ပြီး ဝက်ဘ်ဆိုဒ်တွင် တင်ပြ ထုတ်လွှင့်ရန် ရည်ရွယ်ပါသည်။ ထို့အပြင် အစီရင်ခံစာများအား နေရာဒေသ၊ ခုနှစ်၊ အကြောင်းအရာ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ထားပြီး ဤသတင်းနှင့်ပတ်သက်၍ အခြားသောအကြောင်း အရာများနှင့် အစီရင်ခံစာတစ်ခုချင်းစီအား KHRG ဝက်ဘ်ဆိုက်တွင် ဆက်လက်ဖတ်ရှုနိုင်ပါသည်။











အထက်ပါ ပုံများမှာ အနန်းကွင်း တံတားပုံဖြစ်ပြီး ထိုတံတားသည် အနန်းကွင်းကျေးရွာနှင့် သံပုရာ ကျေးရွာကို ဆက်သွယ်ထားခြင်းဖြစ်သည်။ ဤပုံများကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်နေ့တွင် ဝင်းရေးမြို့နယ် ဒူးပလာယာ ခရိုင်တွင် ရိုက်ယူထားဖြစ်သည်။ ထိုတံတားသည် ရွာသားများ၏ မြေပေါ်တွင် ဆောက်ထားခြင်းဖြစ်ပြီး တံတားတည်ဆောက်သည့် အဖွဲ့များသည် အနန်းကွင်းချောင်း အနီးတွင် စတည်းချ နေထိုင်လျက်ရှိသည်။ ရွာသားများမှာ ထိုစီမံကိန်းကြောင့် ၎င်းတို့ မြေယာဆုံးရှုံးမှုအပေါ် လျော်ကြေးငွေများ ပြန်လည်ရရှိရန်အတွက် စောင့်မျှော်လျက်ရှိသည်။ *[ပုံ-KHRG]*







အထက်ပါပုံများကို ဒူးပလာယာခရိုင် ဝင်းရေး မြို့နယ်တွင် ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့က ရိုက်ယူထားခြင်းဖြစ်သည်။ ထိုပုံများသည် လမ်းဖောက်လုပ်မှုကြောင့် ဘ--ကျေးရွာတွင် နေထိုင်သော စောအ--၏ ရာဘာစိုက်ခင်းမျာ ပျက်စီးခံခဲ့ရသည့်

ပုံများသည်။ ထိုအတွက် လျော်ကြေးငွေ မရရှိသည့်အပြင် စောအ---မှာ ကြောက်ရွံ့သောကြောင့် ထိုကိစ္စကို ပြောဆိုရဲခြင်း မရှိတော့ပါ။ ရွာသားများသည် လမ်းဖောက်လုပ်နေကြသည့်သူများကို ကြောက်ရွံ့ကြသည်။ ဘ---ကျေးရွာရှိ ရွာသားများမှ ထိုလမ်းဖောက်လုပ်ခြင်းသည် ရွာသားများအတွက် မည်သည့် အကျိုးမှ မဖြစ်ထွန်းစေပါ ဟုပြောကြားခဲ့သည်။ *[ပုံ-KHRG]*












အထက်တွင် ဖော်ပြထားသော ပုံများကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ရိုက်ကူးခဲ့ခြင်းဖြစ်သည်။ ပထမ ပုံ နှစ်ပုံမှာ လမ်းဆောက်လုပ်ခြင်းကြောင့် ပျက်စီးသွားသော ဘ--- ကျေးရွာရှိ ရာဘာစိုက်ခင်းများ၏ ပုံဖြစ်သည်။ လမ်းဖောက်လုပ်သူများမှ ရွာသားများအား ခြိမ်းခြောက်မှုကြောင့် ဘ--- ကျေးရွာရှိ သိမ်းဆည်းခံ မြေပိုင်ရှင်များမှာ လျော်ကြေးငွေ မရရှိမှုအပေါ် မည်သည့် စကားမှ ပြောဆိုရဲခြင်း မရှိတော့သကဲ့သို့ တိုင်ကြားမှုပြုခြင်းများလည်း မရှိတော့ပါ။ နောက်ဆုံးပုံ ၂ ပုံမှာ ယခုအခါ ပြန်လည်ပြုပြင်နေသော လမ်းဟောင်း၏ ပုံဖြစ်သည်။ ထိုလမ်းကို ဒ--- ရွာသား စော စ--- ၏ မြေပေါ်တွင် တည်ဆောက်ခဲ့ပြီး စောစ--- ၏ မိသားစုဝင် အားလုံးမှာ ၎င်းတို့၏ အသက်မွေးဝမ်းကြောင်းအတွက် ထိုမြေပေါ်တွင် မှီခိုနေရခြင်းဖြစ်သည်။ ၎င်းတို့၏ မြေများ ပျက်စီးဆုံးရှုံးခဲ့သည့်အတွက် ငွေကြေးအခက်အခဲများ ကြုံတွေ့ခဲ့ရပြီး ၎င်းတို့ စိုက်ပျိုးရန်အတွက်လည်း မြေယာအလုံအလောက်မရှိတော့သောကြောင့် အစားအသောက်များ ဝယ်စား ကြရသည်။ မြေပိုင်ရှင်အနေနှင့် ပျက်စီးဆုံးရှုံးသွားသော ၎င်း၏ မြေအတွက် လျော်ကြေးငွေ ပြန်လည်ရရှိရန် စောင့်မျှော်နေရသည်မှာ ကာလအတန်ကြာပြီဖြစ်သည်။ *[ပုံ-KHRG]*







ပုံမှာ မန်းပြည်တံခွန်နှင့် စွမ်းအားပြည့် ကုမ္ပဏီနာမည်များ ပါဝင်သည့် ဆိုင်းဘုတ်များဖြစ်ပြီး ဆောက်လုပ်နေဆဲ လမ်းနာမည်အား "သံဖြူဇရပ်-ဘုရားသုံးဆူ" လမ်းဟု ဖော်ပြထားသည်။ မန်းပြည်တံခွန်မှ ၂၉မိုင် မှ ၃၄မိုင် အထိ စုစုပေါင်း ၅ မိုင် ဖောက်လုပ်မည်ဖြစ်ပြီး စွမ်းအားပြည့် ကုမ္ပဏီမှာ ၃၄မိုင် မှ ၃၉မိုင် အထိ ဖောက်လုပ်မည်ဖြစ်သည်။ ဤပုံများကို ဒူးပလာယာခရိုင် ဝင်းရေးမြို့နယ် တွင် ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ရိုက်ယူထားခြင်းဖြစ်သည်။ *[ပုံ-KHRG]*

## Dooplaya District




**Karen Human Rights Group (KHRG)**